# talk chat window ထဲမှာပဲ နအဖ ban ထားတဲ့ Youtube Video ကြည့်မယ်...




နအဖက က Ban ထားတဲ့ ဗွီဒီယို (hosting) ဆိုက်တစ်ခုဖြစ်တဲ့ www.youtube.com ကဗွီဒီယိုတွေကို မြန်မာပြည်ကလူတွေကြည့်လို့ရအောင် Gtalk Chat window ထဲမှာပဲတစ်ခါထဲပြလိုက်လို့ရတဲ့ ဆော့ဖ်ဝဲလေးကိုတွေ့မိလို့ တင်လိုက်ပါတယ်။ မြန်မာပြည်တွင်းကလူတွေလည်း ဒီဆော့ဝယ်ကို ဒေါင်းလုပ်လုပ်မှ ကြည့် ရှုနိုင်မည်ဖြစ်ပါသည်။

ဒီနေရာမှာ

[http://ifile.it/dl](http://ifile.it/dl)

smileys,radio channels,TV news channel,google video,youtube video အစရှိတဲ့ features တွေအားလုံးကို Gtalk chat window ထဲ
မှာပဲတစ်ခါထဲအသုံးပြုလို့ရအောင်တီထွင်သူကတီထွင်လိုက်ပါပြီ....

၎င်းဆော့ဖ်ဝဲမှာ winrar ဖြင့် ပြုလုပ်ထားသော .rar ဖိုင်လ်ဖြစ်၍မိမိကွန်ပျူတာမှာwinrar ဆော့ဖ်ဝဲရှိဖို့တော့ လိုအပ်ပါတယ်။ မရှိခဲ့လျှင်တော့ ဒီမှာဒေါင်းလုပ်အရင်လုပ်ဖို့လိုအပ်ပါမယ်...ပြီးလျှင်တော့ ပထမဦးစွာလိုအပ်တဲ့ Gtheme version 2.0 ဆော့ဖ်ဝဲကို အရင်ဒေါင်းလုပ်လုပ်ရပါမယ်။
ပြီးရင်တော့အင်စတောလုပ်ဖို့အတွက်
၎င်း Gtheme.rar ဖိုင်လ်ကိုဖြည်ရပါမယ်....ဒုတိယအဆင့်အနေနဲ့ install.exe ဆိုတဲ့ဖိုင်လ်ကို Run ရပါမယ်...

ပြီးလျှင် Gtalk ရှိ chat နေသည့်ဝင်းဒိုးများအားလုံးအားအရင်ပိတ်ရပါမယ်။ထို့နောက် Gtalk Main Winodow မှာရှိသည့် setting မှတဆင့်appearance သို့သွားပြီးတွေ့ရသည့် Chat Theme များမှ sravi chat theme ကို
ရွေးချယ်လိုက်လျှင် gtheme version 2.0 ကိုအဆင့်ဆင့်ဆောင်ရွက်မှုပြီးဆုံးပြီးဖြစ်ပါတယ်။

Background ပုံကိုမိမိထားလိုသည့်ပုံထားနိုင်ရန်မှာ....Start--->Program-->Gtheme--->change background သို့သွား၍လိုချင်သည့်ပုံကိုရွေးချယ်လိုက်လျှင်အဆင်ပြေပြီဖြစ်ပါတယ်။

မှတ်ချက်။ ။၎င်းပုံ၏အရွယ်အစားမှာ 300 x 225 ဖြစ်လျှင်ပို၍သင့်တော်ပါသည်။

Youtube Video နှင့် google video တို့ကို chat window လေးထဲတွင်ပြချင်လျှင် google video အား

sravi:gvideo: < Google Video Link Here in this Bracket>

You tube video ဆိုလျှင်

sravi:utube:<http://www.youtube.com/watch?v=P6HYimHlj4E>

ဟုမိမိပြချင်သည့်သူအား ၎င်းနှင့်ချက်နေသည့်ဝင်းဒိုးလေးထဲတွင်ရေးထည့်ပေးလိုက်လျှင် ထိုဗွီဒီယိုအားကြည့်ရမည့်သူ၏ ကွန်ပျူတာတွင်လဲ Gtheme version 2.0 အင်စတောလုပ်ထားလျှင် ကြည့်လို့ရပြီဖြစ်ပါတယ်။အထက်က youtube video link
နေရာမှာဥပမာထည့်ပေးထားတဲ့ဗွီဒီယိုလင့်ကတော့ Chris
Brown ရဲ့withyou ဆိုတဲ့သီချင်းဗွီဒီယိုလေးဖြစ်ပါတယ်...လင့်ကိုကွင်းစကွင်းပိတ်လဲလိုအပ်ပါတယ်....
ဒါမှအလုပ်လုပ်မှာဖြစ်ပါတယ်....

Smileys ခေါ် Emoticons များအသုံးပြုချင်လျှင်တော့အထက်မှ Gtheme.rar file ကိုဖြည်ချရှိန်တွင်ပါသော readme.txt ဖိုင်လ်အားဖွင့်ကြည့်လျှင်၎င်းဖိုင်လ်ထဲတွင်ရှိသမျှ Gtheme features များကိုအသုံးပြုနိုင်ရန်
လမ်းညွှန်ပြထားပါတယ်။